# မြန်မာနိုင်ငံနှင့်ထိစပ်သော နယ်စပ်ဂိတ်များအတွက် ဘတ်သန်း ၈၀၀ ခန့်သုံးမည်

သတင်းရင်းမြစ် > အောင်မင်း (ဘာသာပြန်သည်)
တနင်္လာနေ့၊ အောက်တိုဘာလ ၁၄ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၁၄ မိနစ်

ထိုင်းနိုင်ငံ၊ ကန်ချနပူရီခရိုင်၊ ဘန်းကော်မြို့ရှိ ဘန်းပုနာရွှန် စစ်ဆေးရေးဂိတ်အား အဆင့်မြှင့်တင်ရန်နှင့် ဆောက်လုပ် ရန် တို့အတွက် ဘတ်သန်း ၈၀၀ ခန့် သုံးစွဲရန် ထိုင်းအစိုးရမှ ခွင့်ပြုလိုက်သည်။

စစ်ဆေးရေးဂိတ်အဖြစ် အသုံးပြုမည့်နေရာမှာ အကျယ်အဝန်းအားဖြင့် ဧက ၁၆၀ ရှိပြီး စတင်ဆောက်လုပ်နေပြီ
ဖြစ်သည်ဟု လူဝင်မှုကြီးကြပ်ရေးမှ ဒုတိယစစ်ဆေးရေးမှူး ခမ်ပွန်မူစိခဖွန်က အတည်ပြု ပြောဆိုသည်။

လောလောဆယ်တွင် အဆောက်အအုံများ ဆောက်လုပ်မည့် နေရာများနှင့် ဇုန်များအတွက် တမာဆက်တက္ကသိုလ်မှ ကွင်းဆင်းလေ့လာရေးများလည်း ပြုလုပ်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးဂိတ်မှာ ၂၀၁၂ ခုနှစ်တွင် အမြဲတမ်း စစ်ဆေးရေးဂိတ်အဖြစ် အဆင့်မြှင့်ခဲ့ခြင်းဖြစ်ပြီး ဆောက်လုပ် မှုများ ပြီးစီးပါက ထိုင်းနိုင်ငံ၏ အကြီးဆုံးသော စစ်ဆေးရေးဂိတ်တစ်ခုဖြစ်လာမည်ဖြစ်သည်။

သို့သော် ယင်းစစ်ဆေးရေးဂိတ် တည်ဆောက်ရာတွင် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များ၌ အခက်အခဲများ ရှိနေဆဲဟု လည်း မစ္စတာခဖွန်က ပြောသည်။

ယင်းမှာ ကုန်စည်ပို့ဆောင်ရာတွင် အသုံးပြုမည့် ယာဉ်အမျိုးအစားအားသတ်မှတ်ရာတွင် မြန်မာအစိုးရနှင့် ထိုင်းအစိုးရ တို့အကြား သဘောတူညီမှုမရသေးခြင်းကြောင့် ဖြစ်သည်ဟု ၎င်းကထပ်လောင်းရှင်းပြသည်။

လုပ်ငန်းပိုင်းဆိုင်ရာ စဉ်းမျဉ်းစည်းကမ်းများအား မြန်မာအာဏာပိုင်များ နှင့်အတူ ထိုင်းနိုင်ငံ၏ ကုန်လမ်း သယ်ယူ ပို့ဆောင်ရေးဝန်ကြီးဌာန ခရိုင်ရုံးခွဲတို့မှ ရေးဆွဲနေပြီး နောင်လာမည့်သုံးလအတွင်း အပြီးသတ်နိုင် လိမ့်မည်ဟု
မျှော်မှန်းထားသည်။

လောလောဆယ်တွင် Italian-Thai Development Plc (ITD) မှ ကားများကိုသာ အဆိုပါ စစ်ဆေးရေး ဂိတ်မှ ဖြတ်သန်းသွားလာခွင့်ပြုထားသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်များရှိ ဆောက်လုံးရေး လုပ်ငန်းများအတွက် အထောက်အပံ့ ပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာများပို့ဆောင်ခြင်းအား အကူအညီပေးမည့် အခွန်ဌာန အသစ်တစ်ခုအား ထားရှိ လိမ့်မည်ဟု ကန်ချနပူရီ ဒုတိယအုပ်ချုပ်ရေးမှူး ချိုင်ဝက်လင်မ်ဖမ်သာက အစောပိုင်းတွင် ပြောခဲ့သည်။ ထို့အတူ ထိုင်းနိုင်ငံအတွင်းရှိ စက်ရုံများကိုလည်း ထားဝယ်သို့ ရွှေ့ပြောင်းနိုင်ချေရှိသည်ဟု လည်း ပြောခဲ့သည်။

ထိုင်းအစိုးရအနေဖြင့် ဘန်းရိုင် နှင့် ကန်ချနပူရီအကြားရှိ လမ်းအတွက် ထိုင်းဘတ်ငွေ ၄၅ ဘီလီယံနှင့် ကန်ချနပူရီနှင့် ဘန်းပုနာရွှန်အကြားရှိ လမ်းအတွက် ထိုင်းဘတ်ငွေ ၁၀ ဘီလီယံခန့် ကုန်ကျလိမ့်မည်ဟု မျှော်လင့်ထားသည်။

ထို့အပြင် ထားဝယ်နှင့် မက်တဖုတ်အား ချိတ်ဆက်မည့် ရထားလမ်းမှာလည်း ဘတ်ငွေ ၂၀ ဘီလီယံခန့် ကုန်ကျမည်
ဖြစ်သည်။

ထားဝယ် ဆိပ်ကမ်းဒေသအား အကြီးစားစက်မှုလုပ်ငန်းများ လုပ်ကိုင်သည့် နေရာတစ်နေရာ ဖြစ်လာစေရန် ဖန်တီးရေး အတွက် မိမိတို့ကုမ္ပဏီမှ စစ်တမ်းကောက်ယူရန် နားလည်မှု စာချွန်လွှာအား ၂၀၀၈ ခုနှစ်တွင် ရေးထိုးခဲ့ပြီး အချို့သော အခြေခံအဆောက်အအုံ စီမံချက်များအား စတင်အကောင်အထည် ဖော်နေပြီဟုလည်း IDT ၏ ထောက်ပို့ စီမံ မန်နေဂျာတစ်ဦးဖြစ်သူ ဗိချာပိုဖမ်နာရက်က ပြောသည်။

ထို့အပြင် ၎င်းကထိုင်းနှင့် မြန်မာအစိုးရတို့အနေဖြင့် စက်မှုဇုန်စီမံကိန်းအား အကောင်အထည်ဖော်ရာတွင် အရှိန် အဟုန်ဖြင့် ဆောင်ရွက်စေနိုင်မည့် ရင်းနှီးမြှုပ်နှံသူများအကြား ယုံကြည်မှုရှိလာစေရန်အတွက် ထားဝယ်စက်မှုဇုန် စီမံကိန်း ဖော်ဆောင်ရေးအား အောက်တိုဘာလ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုး သွားလိမ့်မည်ဟုလည်း
ပြောသွားသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese .